# "အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလမ်းကြောင်း ဖြစ်နိုင်ပါ့မလား"

ဝါးလ်စရိဂျာနယ်တွင်ပါရှိသော **"မြန်မာအတိုက်ခံများ အလျှော့အတင်း လုပ်ရန်စဉ်းစား နေပြီ"** ဆိုသောဆောင်ပါးကိုဖတ်ရှုပြီးသောအခါ ပြုံးလိုက်မိသည်။ ကျွန်တော်သည် စစ်အစိုးရကို ၁၉၇၄ ခုနှစ်ဒီဇင်ဘာလ ဦးသန့်ရေးခင်းမှစတင်၍ ဆန့်ကျင်လာခဲ့သူဖြစ်သည်။ ပါရင့်နိုင်ငံရေးသမားတဦးအနေနှင့် စစ်ခေါင်းဆောင်များနှင့် အတိုက်ခံတို့၏ စိတ်ဓာတ်ရေးရာကို ရာစုနှစ်နှစ်စုကျော်အကြာ နက်နက်ရှိုင်းရှိုင်းပါ ဂင်ပတ်သက်သိရှိသူတဦးဖြစ်၍ ကောင်းကောင်းနားလည်သဘောပေါက်သူ တစ်ယောက်ဖြစ်ပါသည်။

NCGUB ၏ လမ်းကြောင်းသစ်ဟုခေါ်သော အမျိုးသားပြန်လည်ရင်ကြားစေ့ရေးသည် ကျွန်ုပ်တို့အားလုံးအတွက် အသစ်အဆန်းမဟုတ်ပါ။ ၎င်းလမ်းကြောင်းသည် NLD ပါတီက ၁၉၉၈အလွန်ကာလတွင် စတင်ကြိုးစားခဲ့သော် မအောင်မြင်သည့် လမ်းကြောင်းဟောင်း တခုသာဖြစ်ပါသည်။ NCGUB နှင့် NCUB တို့အတူ ၎င်းတို့လက်သင့်ရာရွေးချယ်၍ ဖိတ်ခေါ်ထားသောအဖွဲ့အစည်းများနှင့် နအဖအပေါ်ကမ်းလှမ်းချက်သည် အရာထင် အကျိုးရှိလိမ့်မည် မဟုတ်ဟု ကြိမ်းသေပြောရဲပါသည်။ စစ်အုပ်စုအနေနှင့် ၎င်းတို့အားအဖက်လုပ်၍ စကားတလုံးတလေမျှပင် ပြန်ကြားလိမ့်မည်မဟုတ်ချေ။

ဂျာကာတာကွန်ဖင်းရှင်းတွင် ၎င်းတို့က သံတမာန်များကိုဖိတ်ကြားပြီး ၎င်းတို့၏ **"အမျိုးသားရင်ကြားစေ့ရေး"** လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြမည်ဖြစ်ပါသည်။ ထိုမှတဆင့် ထိုအဆိုပြုချက်စာတန်းကို နအဖထံပေးပို့ပြီးဆုံးဖြတ်စေမည်ဖြစ်သည်။ ၎င်းကွန်ဖင်းရှင်း၏ အဓိကရည်ရွယ်ချက်မှာ ငွေကြေးထောက်ပံ့မှုနှင့် နိုင်ငံရေးထောက်ခံအားပေးမှုတို့ကို နိုင်ငံခြားတိုင်းပြည်များမှ ရရှိရန်ပင်ဖြစ်သည်။

ထိုစာတန်း၏အဆိုအရ အကယ်၍ နအဖစစ်အုပ်စုမှ ၎င်းစာတန်းပါအချက်အလက်များကို သဘောကျ ကြိုက်နှစ်သက်ပါက အတိုက်ခံတို့အနေနှင့် စတင်ဆွေးနွေးရမည်။ ၎င်းစာတန်းအရ ပထမဦးဆုံးစတင်ဆွေးနွေးရမည့်အချက်မှာ (၂၀၀၈) ခုနှစ်အခြေခံဥပဒေကို အများလက်ခံလာသည်အထိ ညှိနှိုင်းရေးဆွဲရေးပင်ဖြစ်သည်။

၎င်းအဆိုပြုချက်သည် စိတ်ကူးယဉ်ဆန်ကြောင်းကို ဆက်လက်တင်ပြဆွေးနွေးသွားပါမည်။

(၁) ယနေ့အမျိုးသာ ရင်ကြားစေ့ရေးကို တင်သွင်းလာသော NCGUB, NCUB နှင့် ၎င်းတို့၏ လက်ရွေးစင် (၇) ဖွဲ့သည် ပြည်ပနိုင်ငံရေးလှုပ်ရှားမှုကို ဦးဆောင်အဖွဲ့စည်းများအဖြစ် ပြည်ပအင်အားစုများမှမသတ်မှတ်ထားပေ။ ၎င်းတို့စုစည်းထားသည့် ညီညွတ်ရေး ဆိုသည်မှာလည်း တကယ်ညီညွတ်ရေးမဟုတ် ကော်ကပ်ညီညွတ်ရေးသာဖြစ်သည်။ ၎င်းတို့ကို NLD

ပါတီနှင့် နှိုင်းယှဉ်ကြည့်လျှင် NLD ပါတီသည် ရွေးကောက်ပွဲတွင် အနိုင်ရသည့်ပါတီကြီး ဖြစ်သည်။ လူထုကြီးက ပါတီနောက်တွင်ရှိသည်။ ပါတီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည် သည် မြန်မာ့ခေါင်းဆောင်သာမက ကမ္ဘာ့ဒီမိုကရေစီ သူရဲကောင်းတဦးဖြစ် သတ်မှတ်ခံထား ရသူဖြစ်သည်။ ထိုကဲ့သို့သော NLD ပါတီနှင့် ၎င်းပါတီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် တို့မှ (နအဖ) အား အမျိုးသားရင်ကြားစေ့ရေးကမ်းလှမ်းမှုကို နအဖမှပယ်ချထားခဲ့သည်။ NCGUB တို့ကဲ့သို့ ရော့ရဲရဲညီညွတ်ရေးလုပ်ထားပြီး ပြည်ပလူပ်ရှားသူများမှ အော့နှလုံးနာနေ သည့်အဖွဲ့အား နအဖသည် ထည့်၍ပင်စဉ်းစားလိမ့်မည်မဟုတ်ချေ။

(၂) ကမ္ဘာ့ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ အာဆီယံနိုင်ငံများနှင့် အမေရိကန်နိုင်ငံတို့မှ ဒေါ် အောင်ဆန်းစုကြည်အား လွှတ်ပေးရန်တောင်းဆိုနေသည့်ကြားမှ (နအဖ)တရားရုံးမှ အလုပ် ကြမ်းနှင့်ထောင်ဒဏ်သုံးနှစ် ချမှတ်လိုက်သည်။ ဆိုင်းငံ့အဖြစ် ထောင်ဒဏ် (၁၈) လနှင့် နေအိမ် အကျယ်ချုပ်သို့ ဩဂုတ်လ(၁၁)ရက်နေ့တွင် ချမှတ်ခဲ့သည်။ ထိုလုပ်ရပ်ကို ကြည့်ခြင်းအားဖြင့် NCGUB တင်သွင်းလာသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို (နအဖ) မှ စိတ်မဝင်စားကြောင်း ထပ်လောင်းသက်သေထူလိုက်ခြင်းဖြစ်သည်။ ထို့အပြင် (၂၀၁၀) ရွေးကောက်ပွဲကို ဆက်လက်ချီတက်တော့မည့်အကြောင်း ကြေငြာလိုက်ခြင်းပင်ဖြစ်သည်။

(၃) ဂျာကာတာ အုပ်စုဝင်တဦးဖြစ်သူ ကိုညိုအုန်းမြင့်မှ သတင်းစာရှင်းလင်းပွဲတွင် **"ကျွန်တော်တို့ ဘာကိုလိုချင်တယ်ဆိုတာကိုစဉ်းစားတာထက် စစ်အုပ်စုကဘာကိုလုပ်ပေး နိုင်တယ်၊ ဘာကိုလုပ်မပေးနိုင်ဘူးဆိုတာကို စဉ်းစားပြီးလုပ်တာဖြစ်ပါတယ်"** ဟုဆိုခဲ့သည်။ ၎င်းတို့၏ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးလုပ်ငန်းစဉ်တွင်ပင် **"နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေးနှင့် (၁၉၉၀)ခုနှစ် ရွေးကောက်ပွဲရလာဒ်ကိုအသိအမှတ်ပြုရေး"** ဆိုသည့် အတိုက် အခံတို့မှ အစဉ်တစိုက်တောင်းဆိုနေခဲ့သည့် အချက်နှစ်ချက်ကို ချန်လုပ်ထားခဲ့ပြီး အမျိုးသား ရင်ကြားစေ့ရေးကို တောင်းဆိုခဲ့သည်။ ကိုညိုအုံးမြင့်တို့အနေနှင့် ၎င်းအချက်သည် စစ်အုပ်စုမှ လက်မခံနိုင်သည့်အချက်နှစ်ချက်အဖြစ် သဘောထားခဲ့ကြသည်။ ယထာဘူတ ကျကျစဉ်းစား တွေးခေါ်ရလျှင် စစ်အုပ်စုသည် ၎င်းတို့လွှတ်ပေးချင်သူများကို လွှတ်ပေးနေကြဖြစ်သည်။ နိုင်ငံ ရေးအကျဉ်းသားများအားလုံး လွှတ်ပေးချင်ကလွှတ်ပေးနိုင်သည်။ ၎င်းတို့အတွက်ပြဿနာ မဟုတ်။ နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးလိုက် ပြန်ဖမ်းဆီးလိုက် လုပ်နေကြဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံတွင် တည်ငြိမ်သောတရားဥပဒေ တည်ရှိမနေသော ကြောင့်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေးသည် စစ်အုပ်စုမှ လုပ်နိုင်သောအလုပ်ဖြစ်ပြီး မလုပ်သေးခြင်းသာဖြစ်သည်။

၁၉၈၀ ခုနှစ်က စစ်အုပ်စုအနေနှင့် သံဃာတော်များကို ထိန်းချုပ်နိုင်သည့် သံဃာ့ မဟာနာယကအဖွဲ့ကြီးကို ဖွဲ့စည်းပေးနိုင်ခဲ့သည်။ ထိုအချိန်မှစ၍ သံဃာတော်များ ခရီးသွား လာရာတွင် သံဃာမှတ်ပုံတင်ဖြင့်သာ သွားလာရတော့သည်။ ယခင်ကလို မှတ်ပုံတင်မရှိပဲ

လွတ်လပ်စွာသွားလာခွင့် ချုပ်ငြိမ်းသွားခဲ့သည်။ အစိုးရထိန်းချုပ်မှုအောက်တွင်မရှိသော သံဃာတော်များသည် နိုင်ငံရေးအရ နိုးကြားသည့်အုပ်စုကြီးဖြစ်သဖြင့် ဗိုလ်နေဝင်းမှ စိုးရိမ်သောအုပ်စုများထဲတွင် ထိပ်တန်းမှပါဝင်နေသည်။ ၎င်းတို့အစီအရင်တိုင်း သံဃာ့မဟာနာယကအဖွဲ့နှင့် သံဃာ့ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို အတည်ပြုပြီး သံဃာတော်များကို အစိုးရမှထိန်းချုပ်နိုင်သော အခြေအနေရသည့်နှင့်တပြိုင်နက် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ကို နိုင်ငံရေးအကျဉ်းသားများအားပေး၍ ထောင်မှလွှတ်လိုက်ခြင်းဖြစ်သည်။ ဗိုလ်သန်းရွှေသည်လည်း တိုင်းပြည်အာဏာကို စစ်အုပ်စိုးမှုအောက်တွင် ထာဝရရောက်နေစေမည့် (၂၀၁၀) ရွေးကောက်ပွဲတွင်၎င်းတို့ ပြတ်ပြတ်သားသားအနိုင်ရပြီးသည့်နောက် နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေး၍ အမှတ်ယူပေလိမ့်မည်။

ထိုစစ်အုပ်စု၏ အဓိကရည်ရွယ်ချက်ဖြစ်သော စစ်တပ်မှဆက်လက်ဗိုလ်ကျစိုးမိုးထားနိုင်ရေးလမ်းစဉ်သည် (၂၀၁၀) ရွေးကောက်ပွဲ အနိုင်ရရေးပင်ဖြစ်သည်။ (၂၀၁၀) ရွေးကောက်ပွဲသည် (၂၀၀၈) ခုနှစ် အခြေခံဥပဒေအပေါ်တွင်မူတည်၍ ပြုလုပ်ထားခြင်းဖြစ်သည်။ ၎င်းအခြေခံဥပဒေအတည်ပြုနိုင်ရေးကို စစ်အုပ်စုအနေဖြင့် နှစ်ပေါင်းရာစုနှစ်(၂) ခုနီးပါး ကျိုးစားအကောင်ထည်ဖော်ခဲ့ရသည်။

NCGUB မှ တင်သွင်းလာသော အမျိုးသားရင်ကြားစေ့ရေးစာတန်းကို သေသေချာချာလေ့လာကြည့်ပါက ၎င်းစာတန်းသည် စစ်အုပ်စုမှတန်ဘိုးအထားဆုံးဖြစ်သည့် (၂၀၀၈) ခု အခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ရေးဆွဲရေးပင်ဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများလွှတ်ပေးရေးနှင့် အခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲရေးနှစ်ချက်တွင် မည်သည့်အချက်ကို စစ်အုပ်စုမှလက်ခံလိမ့်မည်ဟု ထင်သနည်း?

စစ်အုပ်စုသည် မည်သည့်အခြေအနေမျိုးတွင်မှ ၎င်းတို့ရေးဆွဲထားသည့်အခြေခံဥပဒေကို ပြင်ဆင်ရေးဆွဲခြင်းကို ခွင့်ပြုလိမ့်မည်မဟုတ်ချေ။ ၎င်းတို့နှင့် ငြိမ်းချမ်းရေးယူထားသည့် လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းများ၏ အလိုဆန္ဒကိုဆန့်ကျင်ပြီး အတည်ပြုထားသည့်အခြေခံဥပဒေကို အစိုးရမည်ခံ လက်နက်ကိုင်တပ်မရှိသော လူခုနစ်ဦးအဖွဲ့၏ ညွှန့်ပေါင်းတောင်းဆိုချက်ကို စဉ်းစားပါ့မလားဟု မေးခွန်းထုတ်လိုက်ချင်ပါသည်။ ဤအချက်များသည် အမျိုးသားရင်ကြားစေ့ရေးကို တကယ်မဖြစ်နိုင်ကြောင်း သုံးသပ်တင်ပြခြင်းဖြစ်သည်။

ထိုသို့မဟုတ်ပဲ **"အမျိုးသားရင်ကြားစေ့ရေးကို ဟန်ပြအနေဖြင့်တင်ပြခြင်းမျိုးလားဟု"** စဉ်းစားရန်ရှိပါသည်။

၎င်းတို့တင်ပြသော အမျိုးသားရင်ကြားစေ့ရေးသည် အပေါ်ယံတင်ပြချက်သာဖြစ်သည်။ ပယ်ချခံရမည်ကို ကျိန်းသေသိပြီးဖြစ်လျှက် တင်ပြခြင်းမျိုးလည်းဖြစ်နိုင်ပါသည်။ ထိုကဲ့သို့ဖြစ်လျှင် မည်သည့်ရည်ရွယ်ချက်ဖြင့် တင်ပြခြင်းဖြစ်သနည်းဟု ဆန်းစစ်ကြည့်ရန် လိုအပ်လာပါသည်။

NCGUB, NCUB သတင်းစာရှင်းလင်းပွဲကိုကြည့်လျှင် ၎င်းတို့သည် ရာစုနှစ်တခုအတွင်း မဖြစ်ဖူးသေးသော အမိကအဖွဲ့စည်းကြီး (၁၁) ဖွဲ့သည် ညီညွတ်စွာဖြင့် ဂျာကာတာတွင် ညီလာခံကျင်းပတော့မည်ဖြစ်ကြောင်း ကြေငြာခဲ့သည်။ ၎င်းကြေငြာချက်သည် အချက်နှစ်ချက်ကို မီးမောင်းထိုးပြနေခဲ့သည်။

(၁) NCGUB, NCUB တို့သည် လူသိရှင်ကြား ကုလသမဂ္ဂတွင် စစ်စိုးရ၏ ကိုယ်စားပြုမှုကို စိန်ခေါ်သည့်ကိစ္စနှင့်ပတ်သက်၍ ကွဲပြဲခဲ့ကြသည်။ တဖန် အိုင်ယာလန်နိုင်ငံတွင် ထပ်ကွဲကြပြန်သည်။ စစ်အစိုးရကိုယ်စားလှယ်အား ကုလသမဂ္ဂမှ ထုတ်ပယ်လိုသည့်အုပ်စုနှင့် မထုတ်ပယ်လိုသည့်အုပ်စု နှစ်ခုကွဲကာ မဲခွဲဆုံးဖြတ်ရသည့်အဆင့်ထိရောက်ခဲ့သည်။ စစ်အစိုးရကို ဆန့်ကျင်နေပါသည်ဆိုသောသူများထဲတွင် စစ်အစိုးရကို ဆန့်ကျင်ရန်သင့်မသင့် မဲခွဲဆုံးဖြတ်ရခြင်းက သမိုင်းအမဲစက်တခုအဖြစ် တင်ကျန်ရစ်ခဲ့သည်။ ၎င်းမဲခွဲမှုတွင် စစ်အစိုးရကိုယ်စားလှယ်အား ကုလသမဂ္ဂမှထုတ်ပယ်မှုကို လက်မခံသည့်အုပ်စုမှ အနိုင်ရသွားသည်ကို ကြည့်လျှင် အမိကအဖွဲ့ကြီးများတွင် စစ်အစိုးရကိုဆန့်ကျင်သောအုပ်စုက အရေးနိမ့်နေကြောင်း ထိုစဉ်ကတည်းက မီးမောင်းထိုးပြခဲ့သည်။ ထိုအကွဲအပြဲကြောင့် ၎င်းတို့ကို ထောက်ပံ့နေသော အဖွဲ့အစည်းများက ညီညွတ်မှုမရှိခြင်းကို အကြောင်းပြ၍ ငွေကြေးဖြတ်တောက်ခြင်းကို ခံခဲ့ရသည်၊ ထို့ကြောင့် ဂျာကာတာညီလာခံသည် NCGUB, NCUB တို့အပြင် ၎င်းတို့လက်ဝေခံ မေဂျာအဖွဲ့ကြီးများကပါ ညီညွတ်နေပြီဖြစ်ကြောင်း ပြသနိုင်ရန်ဖြစ်သည်။ သို့မှသာ ငွေကြေးထောက်ပံ့သူများက အားတက်သရော ပြန်လည်ကူညီလာကြမည်ဖြစ်သည်။

(၂) NCGUB အနေနှင့် ၎င်းအဖွဲ့ စတင်ဖွဲ့စည်းခဲ့သည့် (၁၉၉၁) ခုနှစ်မှစ၍ ယနေ့တိုင် ဒီမိုကရေစီလှုပ်ရှားသူများကိုဦးဆောင်ဖိတ်ကြားပြီး တိုင်ပင်ဆွေးနွေးခြင်း၊ လမ်းညွှန်ခြင်း၊ ၎င်းတို့လှုပ်ရှားမှုအားရှင်းပြခြင်း အလျဉ်းမရှိခဲ့ချေ။ အခြားခြားသော အဖွဲ့စည်းများမှ ဖိတ်ကြားသည့်အခါ တက်ရောက်ပြီးမိန့်ခွန်းချွေသည့်အလုပ်သာ လုပ်နေခဲ့သည်။ ယခု ဂျာကာတာအစည်းဝေးပွဲသည် ရာစုနှစ်တခုအတွင်း မဖြစ်ဖူးသေးသည့် ဆွေးနွေးပွဲဖြစ်ကြောင်း ၎င်းတို့မှကြေငြာလိုက်ခြင်းသည် မည်သည့်အချက်ကိုရည်ညွှန်းသနည်းဟု ဆန်းစစ်ကြည့်ရန်လိုပါသည်။

ထိုရာစုနှစ် (၁) ခုကျော် အတွင်း အမိကအဖွဲ့ကြီးများစုစည်းမှုသည် တကယ့်စုစည်းမှုဟု ယူဆ၍မရပါ လက်သင့်ရာ မိမိနှင့်အလွမ်းသင့်သူများကိုသာ ရွေးချယ်ဖိတ်ခေါ်သည့်ပွဲဖြစ်သည်။ မိမိစားရိတ် မိမိစားပြီး တစိုက်မတ်မတ် နိုင်ငံရေးကို ကျသည့်နေရာ၊ နိုင်သည့်ဂန်ထမ်းပြီး လုပ်နေသောသူများ အဖွဲ့အစည်းများကို ဖိတ်ကြားခြင်း အသိပေးခြင်းမရှိပဲပြုလုပ်သော အစည်းအဝေးပွဲဖြစ်သဖြင့် တန်ဘိုးရှိသောစုစည်းမှုဟု မခေါ်နိုင်ချေ။ တဖက်မှလည်း NCGUB သည် ဆယ်စုနှစ်တခုအတွင်း ဒီမိုကရေစီအရေး လှုပ်ရှားသူများကို လျစ်လျူရှု

ထားခဲ့ပြီး ဆယ်နှစ်အကြာကာလရောက်မှ တကြိမ်စုစည်းနိုင်သည်ဟု ဂန်ခံလိုက်ခြင်းဖြစ်သည်။

ဦးစိန်ဂင်း၏ပြောနေကြစကားမှာ **"ကျွန်တော်တို့မှာ ပိုက်ဆံမရှိဘူး"** ဟူသော စကားသာဖြစ်သည်။ ဒီမိုကရေစီအရေးအတွက် တစိုက်မတ်မတ်လုပ်နေသူများကို ရှောင်ရှားကြသည်။ လျို့ပုက်ကြသည်။ တွဲမလုပ်ချင်ကြ။ ကိုယ့်အုပ်စု ကိုယ့်အသိုင်းအဝိုင်းလေးနှင့်သာ ခြံခတ်နေသူများဖြစ်သည်။ ၎င်းတို့အနေနှင့် နှစ်ပေါင်းနှစ်ဆယ်နီးပါးအချိန်အတွင်း အဖွဲ့စည်းများအားလုံးကို ဖိတ်ကြားသည့်ဆွေးနွေးပွဲ တခုတလေမျှမလုပ်ခဲ့ပဲ အဖွဲ့စည်းများကဖိတ်ကြားသည့်ဆွေးနွေးပွဲများကိုသာ တက်ရောက်ခဲ့သည်။ ခေါင်းဆောင်နေရာယူထားသော်လည်း ကိုယ်က ဦးဆောင်လုပ်ရမှန်းမသိ။ အခြားအဖွဲ့ များခေါ်ရာသို့သာ လိုက်တတ်သည့်အခြေအနေအဆင့်တွင်သာ ရှိခဲ့သည်။

လက်နက်ကိုင်တိုက်ရန်အတွက် တပ်ထောင်ဖို့လိုသည်။ ထိုကိစ္စကို ဆွေးနွေးကြည့်ပါဆိုလျှင်လည်း ဦးစိန်ဂင်းက **"အဲဒီလိုလုပ်ရင် ပိုက်ဆံရမှာမဟုတ်ဘူးဗျ"** ဟု ပြောတတ်သည်။ ထို့ကြောင့် **ကျွန်တော်တို့ ABSDF ဖွဲ့ကာစက ကျွန်တော်တို့ တပ်ထောင်လျှင် ပိုက်ဆံရမှာမဟုတ်လို့ တပ်မထောင်ဘူးကွာဆိုသည့် အတွေးမျိုးမရှိခဲ့ဘူးချေ။ တပ်ထောင်ခဲ့သည်မှာ ယုံကြည်ချက်ဖြင့် တပ်ထောင်ခြင်းဖြစ်သည်။"**

ယနေ့တော်လှန်ရေးအသိုင်းအဝိုင်းတွင် NCGUB ကဲ့သို့ အစိုးရအမည်ခံအဖွဲ့စည်းမှအစ အသီးသီးသောအဖွဲ့ အစည်းများသည် "ပရိုပိုဆယ်နိုင်ငံရေး" အသွင် ကူးပြောင်းလာပြီးနောက်ပိုင်း တော်လှန်ရေးစိတ်၊ တော်လှန်ရေးသဘောတရားပျောက်ကွယ်၍ ငွေရနိုင်သည့်အလုပ်မှလွဲ၍ တော်လှန်ရေးအောင်မြင်နိုင်သည့်လမ်းကြောင်းမှ သွေဖယ်၍သွားခြင်းသည်အားလုံးအတွက်ဆုံးရှုံးမှုဖြစ်သည်။ ပို၍ဆိုးသည်ကား ၎င်းတို့က အဓိကအဖွဲ့ အစည်းများအမည်ခံပြီး နိုင်ငံရေးလုပ်စားနေကြခြင်းဖြစ်သည်။ နိုင်ငံရေးလုပ်စားသူများ ဂိုဏ်းကြီးများဖွဲ့ပြီး တဖွဲ့နှင့်တဖွဲ့ ထောက်ခံခြင်း၊ ပေါင်းစားခြင်း၊ တကယ်လုပ်နေသူများ၏လုပ်ငန်းများကို ဟန့်တားခြင်း၊ ဂိတ်စောင့်များလုပ်၍ပိတ်ပင်ခြင်းဖြင့် တော်လှန်ရေးကိုအနုကြမ်းစီးကာ သာယာနေခဲ့ကြသည်။

တချိန်က အစည်းအဝေးတခုတွင် တက်ရောက်သူတချို့က NCGUB အနေနှင့် ငွေမည်မျှရသည်။ ဘယ်လိုနေရာတွင်သုံးသည်၊ ဘာတွေလုပ်နေသည်တို့ကို ရှင်းပြရန်ဆွေးနွေးသောအခါ ဦးစိန်ဂင်းက **"ကျွန်တော့်ကို မေးတဲ့သူတွေကို ပြန်မေးချင်တယ် ခင်ဗျားတို့ ကျွန်တော်တို့ကို အစိုးရဆိုပြီး အခွန်ဘယ်လောက်ပေးနေလို့လဲ၊ အစိုးရဆိုတာ ကိုယ့်ကို အခွန်ပေးတဲ့သူတွေကို ရှင်းပြဖို့တာဂန်ရှိတယ်၊ ဒါကြောင့်အခွန်မပေးတဲ့သူတွေကို ရှင်းပြစရာ**

**မလိုဘူး၊ ကျွန်တော်တို့ကို ငွေကြေးအကူအညီပေးတဲ့အဖွဲ့တွေကိုသာ ရှင်းပြမယ်"** ဟုဆိုခဲ့ဘူးပါသည်။

အချုပ်အားဖြင့် ယခုကဲ့သို့ အမျိုးသားရင်ကြားစေ့ရေးအထုပ်ကို တင်လာသည့် ရည်ရွယ်ချက်မှာ နိုင်ငံတကာသို့ ၎င်းတို့မှာ ကောင်းမွန်သော မဟာဗျူဟာရှိနေပြီဖြစ်ကြောင်း၊ ထို့အပြင် ညီညွတ်ရေးတည်ဆောက်ပြီးပြီဖြစ်၍ ထိုလုပ်ငန်းကို အကောင်အထည်ဖော်ရန် ငွေလိုသည် ငွေပေးပါဟူ၍ တောင်းရန်ဖြစ်သည်။ တနည်းအားဖြင့် ဒီမိုကရေစီရရှိရေးထက် ၎င်းတို့လက်ဂါးရိုက်ထားသောအုပ်စုတို့၏ စားဝတ်နေရေးပြေလည်စေရန်အတွက် ထောက်ပံ့ငွေရရှိရေးသက်သက် လုပ်ရပ်ဖြစ်သည်။ ထိုကဲ့သို့လုပ်ဆောင်လိုက်သဖြင့် ရရှိလာသော အကျိုးဆက်နစ်ရပ်မှာ....

၁။ ဒီမိုကရေစီ အင်အားစုများက ၎င်းတို့အား အော့နလုံးနာမှု ရွံရှာမုန်းတီးမှုတို့ကို ပို၍ဖြစ်ပေါ်လာစေသည်။

၂။ ဒီမိုကရေစီလှုပ်ရှားသူများအကြားတွင် ပေါ်လစီရှုပ်ထွေးမှုကို ဖြစ်ပေါ်လာစေပြီး၊ ရွေးကောက်ပွဲဝင်ရမည်လော၊ ဆန့်ကျင်တိုက်ဖျက်ရမည်လောဆိုသည့် တွေဝေမှု၊ စိတ်အနှောက် အယှက်ဖြစ်မှု၊ စိတ်ပျက်မှုတို့ကို ဖြစ်ပေါ်စေသည်။

NCGUBကိုယ်စားလှယ်ကိုသောင်းထွန်းက"**အဓိကအင်အားစုဖြစ်တဲ့(NLD)နဲ့ တိုင်းရင်းသားအဖွဲ့အစည်းကြီးများအတွက် ဒီရွေးကောက်ပွဲမှာတနည်းနည်းနဲ့ <u>မပါဝင်ခဲ့ရင်</u> ဘေးရောက်သွားမည့် အန္တရာယ်ရှိနေပါတယ်"** လို့ ပြောခဲ့ပါသည်။ ထိုပြောကြားချက်အရ NCGUB ရဲ့ အသေအကြေဆောင်ရွက်ချက်သည် (နအဖ) ပြုလုပ်သော ရွေးကောက်ပွဲကို ဘယ်လိုပုံစံနဲ့ ဝင်နိုင်မလဲဆိုသည့် တွေးခေါ်ကြံဆမှုဟု ယုံကြည်ရပါသည်။

ပြည်ပတွင် တကယ်အရည်ချင်းရှိသောခေါင်းဆောင်များ သူ့အုပ်စုနဲ့သူတစိုက်မတ်မတ်လုပ်နေပြီး ပြည်တွင်းနှင့်ဆက်စပ်၍ သူ့အစုနှင့်သူ ရှိနေကြပါသည်။ ၎င်းအုပ်စုများသည် ယခုအခါ တဖွဲ့နှင့်တဖွဲ့ ချိတ်ဆက်ပြီး ဆက်သွယ်ရေးကွန်ယက်များ ပြည်တွင်း ပြည်ပတွင်တည်ဆောက်ခြင်း သတင်းဖလှယ်ခြင်း ဆွေးနွေးတိုင်ပင်ခြင်းတို့ကို ခံစားချက်၊ ခံယူချက်အပြည့်ဖြင့် ပူးတွဲပြုလုပ်နေကြသည်။ တဖွဲ့နှင့်တဖွဲ့ အပြန်အလှန်လေစားမှု၊ အသိအမှတ်ပြုမှုတို့ဖြင့် နှစ် (၂၀) ကျော်အတွေ့ကြုံအရ စုစည်းလာကြသည်။ ပို၍နီးကပ်လာကြသည်။ ၎င်းတို့သည် မိမိတို့ယုံကြည်ရာကို မိမိအုပ်စုဖြင့် တူညီသောလုပ်ငန်းများတွင် အခြားဖွဲ့စည်းများနှင့် ပူးတွဲလုပ်ဆောင်ကြသည်။ ပရိုပိုဆယ် နိုင်ငံရေးလုပ်စားသူများနှင့် ကွာခြားချက်မှာ မိမိအိပ်ကပ်ထဲမှ ငွေနှင့် မိမိယုံကြည်ရာကိုလုပ်ကြသဖြင့် ထိရောက်မှုရှိသည်။ ၎င်းတို့၏ ပြည်တွင်းလှုပ်ရှားမှု တချို့သည် လက်ဂါးကြီးအုပ်နိုင်ငံရေးလုပ်စားသူများထက် ပိုထိရောက်မှုရှိသည်။

ပြည်တွင်းလှုပ်ရှားသူများသည် ၎င်းတို့ယုံကြည်ရာ လုပ်ဖော်ကိုင်ဖက်များ၊ သမိုင်းရှိသူ ခေါင်းဆောင်များကိုသာ ဆက်ဆံခြင်း၊ လုပ်ငန်းများပူးတွဲ၍ လုပ်ခြင်းတို့ကို ပြုလုပ်လိုကြသည်။ တော်လှန်ရေးကို ငွေဖြင့်ဝယ်ယူလိုသော ငွေထုပ်ပိုက်ထားသူများကို ယုံကြည်မှုလည်းမရှိ၊ တွဲလုပ်လိုစိတ်လည်းမရှိချေ။ ထို့ကြောင့် ငွေကြေးရှိသောအဖွဲ့အစည်းကြီးများသည် အောင်မြင်မှုမရရှိပဲ ရပ်တန့်ဆုတ်ယုတ်နေခြင်းဖြစ်သည်။ ဥပမာအားဖြင့် (၂၀၀၈) ခုနှစ် အခြေခံဥပဒေအတည်ပြုရေး ဆန္ဒခံယူပွဲတွင် " Vote No & No Vote" ဟူသည့် မဲလုံးဝမပေးပဲ ဆန့်ကျင်ခြင်းနှင့် မဲသွားပေးပြီး ၎င်းအခြေခံဥပဒေအတည်မပြုနိုင်ရန် ဆန့်ကျင်မဲပေးခြင်းဟူ၍ အယူအဆနှစ်ခု ကွဲထွက်လာခဲ့သည်။ အောက်ခြေထုအဖွဲ့စည်းကြီးများနှင့် နယ်စပ်ရှိ အဖွဲ့အစည်းအချို့က လုံးဝမဲမပေးပဲဆန့်ကျင်ရန်။ " No Vote" ကို လုပ်ချင်ကြသည် သို့ရာတွင် မဲရုံသို့သွားပြီး ဆန့်ကျင်မဲပေး၍ " Vote No" ကိုလုပ်ချင်သူများက ငွေကြေး ထောက်ပံ့သူများကို ၎င်းတို့တွင် အင်အားရှိကြောင်း (နအဖ) ၏ အခြေခံဥပဒေ အတည်မဖြစ်စေရန် " Vote No" လှုပ်ရှားမှုဖြင့် ဆန့်ကျင်နိုင်မည်ဟုအာမခံ၍ US ငါးသိန်းကို လက်ခံရယူပြီး Vote No Campaign ကို ဦးဆောင်လုပ်ခဲ့ကြသည်မှာ အများအသိပင်ဖြစ်သည်။ ရလာဒ်မှာ (နအဖ) မှ အကောက်ကြံနည်းမျိုးစုံသုံးလျှက် အခြေခံဥပဒေကို ၉၀ရာခိုင်နှုန်းကျော်ဖြင့် အတည်ပြုသွားနိုင်သည့်အတွက် (နအဖ)၏ အခြေခံဥပဒေကို ၎င်းတို့က မဲပေး၍ အတည်ပြုပေးလိုက်သကဲ့သို့ ဖြစ်သွားရသည်။ အမှန်မှာ အဓိက အဖွဲ့စည်းများဟု နာမည်တပ်ထားသူများသည် ပြည်တွင်းမှလက်ခံနိုင်သည့် ခေါင်းဆောင်များမဟုတ်သည့်အပြင် ၎င်းတို့ကိုလည်း ပြည်တွင်းမှယုံကြည်မှုမရှိခြင်း၊ ၎င်းတို့၏ ဆက်သွယ်ထားသည့်သူများမှာလည်း ငွေကြေးရရှိခြင်းကြောင့်သာလုပ်ကိုင်ပေးကြပြီး တကယ့်ခံစားချက်၊ ခံယူချက်ရှိသူများမဟုတ်ခြင်းသည် အဓိကအားနည်းမှုပင်ဖြစ်သည်။

ယခုလည်း အမျိုးသားရင်ကြားစေ့ရေးလမ်းကြောင်းကို (နအဖ)မှ ငြင်းပယ်လိုက်ပါက ဂျာကာတာအုပ်စုတွင် နစ်စုကွဲသွားနိုင်သည်။ တစုသည် နဂိုမူလရပ်တည်ချက်အတိုင်း အမာလိုင်းသို့ ပြန်လည်ဦးတည်သွားပြီး စီပွားရေးပိတ်ဆို့မှုကိုတင်းကြပ်စွာပြုလုပ်ရေး၊ ကုလသမဂ္ဂတွင် မြန်မာ့ကိုယ်စားလှယ်ကိုဖယ်ရှားရေး၊ ကာကွယ်မှုပေးရန်တာဝန်ဆိုသည့် R2P အရနိုင်ငံအတွင်းသို့ ဝင်ရောက်ပြီးဒုက္ခရောက်နေသော ပြည်သူများအားကယ်တင်ရေး၊ နိုင်ငံတကာတရားရုံးတွင် စစ်ရာဇဝတ်ကောင်များအဖြစ်တင်နိုင်ရေးတို့ကို ပြန်လည်ပြုလုပ်လာကြအုံးမည်ဖြစ်သည်။ ကျန်အုပ်စုကတော့ရွေးကောက်ပွဲကို ခေါင်းငုံ့ဝင်ကြဖို့ရှိသည်။ နိဂုံးချုပ်အားဖြင့် စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်ရန်အတွက်.....

၁။ ညီညွတ်ရေးကို ဘယ်လိုတည်ဆောက်ကြမလဲ၊

၂။ ဘယ်လို မဟာဗျူဟာချမှတ်ရမလဲ ဆိုသည်ကို နက်နက်နဲနဲ စဉ်းစားဖို့လိုပြီ။

**၂၀၁၀ ရွေးကောက်ပွဲကို တနည်းနည်းဖြင့်မှမဝင်လျှင် ဘေးရောက်သွားမယ်ဆိုတဲ့ အတွေးအခေါ်ဟာ ရန်သူကိုဒူးထောက်အညံ့ခံရေး အတွေးအခေါ်သာဖြစ်သည်၊ ငါတို့**

ဘာမှမလုပ်နိုင်တော့ဘူး။ ဒါကြောင့် ရသမျှယူနိုင်အောင် ဝင်မှဖြစ်တော့မယ်ဆိုတဲ့ NCGUB ရဲ့အတွေးအခေါ်ဟာ လက်ခံနိုင်စရာမရှိပါ။ မှန်ကန်တဲ့အတွေးအခေါ်လည်းမဟုတ်ဟု ဆိုချင်ပါသည်။ ညီညွတ်ရေးဆိုတဲ့စကားဟာ လူတိုင်းပြောနေတဲ့စကား လူတိုင်းအရေးကြီးတယ်ဆိုတာကို သိနေတဲ့အကြောင်းအရာတခုပါ။ ဒါပေမဲ့ ဒါကိုဘာကြောင့်မလုပ်နိုင်တာလဲလို့ မေးစရာရှိလာပါသည်၊ အဓိက ပြည်ပနိုင်ငံရေးမှာ ညီညွတ်ရေးမလုပ်နိုင်တာက ပုဂ္ဂိုလ်ရေးမကြေလည်မှု၊ အုပ်စုဖွဲ့ပြီးခြံခတ်နေထိုင်ရေး ထောက်ပံ့သူများအလိုကျ တော်လှန်ရေးလမ်းကြောင်းမှသွေဖယ်ပြီးလုပ်နေတဲ့နိုင်ငံရေးကြောင့် ဖြစ်ပါသည်။

ဒါတွေကိုကျော်လွှားနိုင်ဖို့က ခြံစည်းရိုးတွေအကုန်ရိုက်ချိုးပြီး ပုဂ္ဂိုလ်ရေးထက် ငါတို့လက်နက်ကိုင်လမ်းစဉ်ကို ထည့်သွင်းစဉ်းစားရမည်။ လုပ်ရမည်။ အဲဒီအတွက် အားလုံးညီညီညွတ်ညွတ်နဲ့ ပြောရဲရမယ်ဆိုတဲ့အတွေးခေါ်ကို ကိုင်စွဲနိုင်ဖို့လိုတယ်လို့မြင်ပါတယ်။ ထောက်ပံ့သူတွေကို ငါတို့နိုင်ငံမှာ မင်းတို့နိုင်ငံတွေလို လူတွေကအုပ်ချုပ်နေတာမဟုတ်ဘူးဆိုတာကို တဖွဲ့ချင်းမဟုတ်ပဲ အုပ်စုအလိုက်ရှင်းပြရမယ်။ ဒို့အပြင် ဥရောပ၊ အမေရိက၊ အာရှနိုင်ငံတွေမှာရှိတဲ့ လှူပ်ရှားသူတွေကိုဖိတ်ပြီး တလေးတစား လူရာသွင်းဆွေးနွေးရင် အများကထောက်ခံလာမှာဖြစ်ပါသည်။ **လက်နက်ကိုင်တိုက်ပွဲ လမ်းစဉ်ကို ရဲရဲပွံ့ပွံ့သာချပြဆွေးနွေး၊ တကယ်လည်းအကောင်အထည်ဖော်မယ်ဆိုရင် မြန်မာ့အဖွဲ့စည်းတွေ၊ ကျောင်းသားတပ်မတော်လူဟောင်းတွေ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့စည်းတွေအာလုံး ပိုင်းဝန်းထောက်ပံ့မှုနဲ့ တော်လှန်ရေးကို စတင်နိုင်ပါလိမ့်မယ်။ အဓိကကတော့ ကိုယ့်လုပ်တဲ့အလုပ်ကိုယုံကြည်ဖို့ပါပဲ၊ ယုံကြည်တဲ့အတိုင်းလဲ လုပ်ကြမယ်ဆိုရင် ပြည်သူတွေပါလာမှာပဲ၊ ယနေ့ပြည်သူတွေက ရွှေပြည်အေးသမားတွေကို မျှော်နေတာမဟုတ်ဘူး၊ ခေါင်းဆောင်ကောင်းတွေကို မျှော်နေတာဖြစ်တယ်။ ABSDF တပ်ဖွဲ့ဝင် လူတသောင်းကျော် တောထဲရောက်လာတော့ ဘယ်သူကကျွေးခဲ့တာလဲ? ဆိုတာကို ပြန်မေးဖို့သင့်ပါတယ်၊ တော်လှန်ရေးကကျွေးခဲ့တာပါ တော်လှန်ရေးသမားတွေက ပေးခဲ့တာပါ။ ပိုက်ဆံဆိုတာ၊ ထောက်ပံ့မှုဆိုတာ ကိုယ်ကတကယ်လုပ်နိုင်ရင် နောက်ကလိုက်လာတာပါ။ ပိုက်ဆံနောက်မလိုက်ပဲ ယုံကြည်ရာကိုလုပ်ဖို့ပဲ လိုပါတယ်။**

**ပထမဆုံးလုပ်ရမည့်လုပ်ကတော့ အမျိုးသားကွန်ဂရက်ကြီး ခေါ်ယူရေးဖြစ်ပါတယ်** ဒီကွန်ဂရက်ကြီးမှာ လွှတ်တော်အမတ်များ၊ လက်နက်ကိုင်တော်လှန်ရေး ခေါင်းဆောင်များ၊ ငြိမ်းအဖွဲ့များ၊ ကျောင်းသားမျိုးဆက်များ၊ သံဃာတော်များ၊ တတ်သိပညာရှင်များ အားလုံးပါဝင်တဲ့ နိုင်ငံတကာ မြန်မာအမျိုးသား ကွန်ဂရက်ကြီးခေါ်ယူနိုင်ရေးကို အများကပိုင်းဝန်းကြိုးစားရမှာဖြစ်ပါတယ်။ **ဒီကွန်ဂရက်ကြီးမှ တိုက်ပွဲဝင်အစိုးရကို ခေါင်းဆောင်နိုင်သူပြတ်သားသူတွေကို ရွေးချယ်ပေးရမှာဖြစ်ပါတယ်။** ဖောင်းပွနေသော တော်လှန်ရေးအဖွဲ့အစည်းများ၊ တပ်ပေါင်းစုအတွင်းမှ ထပ်ဖွဲ့ထားသည့် ဘော်ချက်နေသော တပ်ပေါင်းစုကလေးများအားလုံးကိုဖျက်သိမ်း၍ (ဖဆပလ) အဖွဲ့ချုပ်ကြီးကဲ့သို့တခုတည်းသော အဖွဲ့ကြီးဖြစ်ရန် သမိုင်းပေးအခြေအနေအရ လိုအပ်နေပြီဖြစ်သည်။

စစ်အာဏာရှင်တို့ကို လက်နက်မဲ့နည်းလမ်းတခုတည်းဖြင့်မရ လက်နက်ကိုင် လမ်းစဉ်နဲ့ပါပေါင်းစပ်မှ ရနိုင်မည်ဆိုသည့် အယူအဆကို ၎င်းမြန်မာအမျိုးသားများ ကွန်ဂရက်ကြီးမှ ကမ္ဘာသိ ကြေငြာချက်ထုတ်ပြန်၍ "ငါတို့ ဒီလိုမြင်တယ်၊ ဒါကြောင့်ဒီလိုလုပ်မယ်၊ မင်းတို့ပြောနေတဲ့ လက်နက်မဲ့နည်းက မင်းတို့နိုင်ငံမှာပဲရမယ်၊ လူ့အသက်ကို တန်ဘိုးမထားတဲ့ မိစ္ဆာတွေရဲ့လက်ထဲမှာ လက်နက်မဲ့ကျောင်းသားတွေဦးဆောင်တဲ့ ရှစ်လေးလုံးအရေးတော်ပုံကြီးဟာ ဖြိုခွဲခံခဲ့ရပြီးပြီ၊ သံဃာတော်တွေရဲ့ ရွှေဝါရောက်တော်လှန် ရေးကြီးကိုလည်း လက်နက်အားကိုးနဲ့ ရက်ရက်စက်စက် ဖြိုခွဲခဲ့ပြီးပြီ၊ ဒေါ်အောင်ဆန်စုကြည်ရဲ့ ငြိမ်းချမ်းစွာကျိုးစားမှုကိုလည်း နေအိမ်အကျယ်ချုပ်နဲ့ ရပ်ဆိုင်းထားလိုက်ပြီ၊ ဒါကြောင့် ငါတို့နိုင်ငံ ဒီမိုကရေစီရရှိရေးအတွက် ငါတို့အစိုးရဖွဲ့မယ်၊ အစိုးရမှာ တပ်လိုတယ်၊ ငါတို့ရဲ့တပ်ဟာ ပြည်ထောင်စုတိုင်းရင်းသားအားလုံးပါဝင်တဲ့ပြည်ထောင်စုတပ်ဖြစ်တယ်၊ ဒီတပ်ရဲ့ ရည်ရွယ်ချက်က၊ ပြည်သူတွေကိုကာကွယ်ဖို့ဖြစ်တယ်၊ ပြည်သူတွေ အတင်းအဓမ္မချောဆွဲခိုင်းနေတာတွေ ရပ်တန့်ဖို့၊ ကျေးရွာတွေကို အတင်းအကြပ်ပြောင်းရွှေ့နေတာကို ရပ်တန့်ဖို့၊ ကလေးငယ်တွေ စစ်ထဲသွပ်သွင်း နေတာတွေကို တားဆီးဖို့၊ ပြည်ထောင်စုဘွား တိုင်းရင်းသားအမျိုးသမီးငယ်တွေကို ကာကွယ်စောင့်ရှောက်ဖို့၊ တပ်ရဲ့မတရားမှုကို မကြိုက်လို့ ဘက်ပြောင်းလာတဲ့ အရာရှိ အကြပ်တပ်သားတွေကို လက်ခံဖို့၊ ကြိုဆိုဖို့ ကာကွယ်ပေးဖို့ဖြစ်တယ်၊ ငါတို့ တပ်ဖွဲ့ကအကြမ်းဖက်ဖို့မဟုတ်ဘူး၊ ပြည်သူတွေအတွက် ကာကွယ်ရေးသာဖြစ်တယ်။ ဒါကြောင့် ငါတို့ အကူအညီလိုတယ်၊ ငါတို့လမ်းစဉ်မှန်ကန်ကြောင်းကို နိုင်ငံအသီးသီးမှာရှိနေတဲ့ မြန်မာပြည်သူတွေက ထောက်ခံနေကြပြီဆိုတာကို ရဲရဲပံ့ပံ့ပြောရဲရမယ်။ နိုင်ငံတကာအကူ အညီမရရင် တိုက်မှရမယ်ဆိုတာကိုယုံကြည်တဲ့ ပြည်တွင်း ပြည်ပမှာရှိတဲ့ မြန်မာပြည် သူလူထု ရဲ့ထောက်ခံပံ့ပိုးမှုနဲ့ဆက်လုပ်ရဲရမယ် **"တပ်ဖွဲ့ရင် ပိုက်ဆံရမှာ မဟုတ်ဘူးဗျ"** ဆိုရင် ဘယ်တော့မှတော်လှန်ရေးဟာဖြစ်လာမှာမဟုတ်ဘူး ။


တော်လှန်ရေးသစ္စာဖြင့်
ထွန်းအောင်ကျော်
(August 11, 2009)